# ငှက်ကလေးဆောက်တဲ့ အသိုက်ဆန်း



# A Special Nest
# ငှက်ကလေးဆောက်တဲ့ အသိုက်ဆန်း

Author: Kavita Singh
Illustrator: Partho Sengupta

Editor: လူသာမန်
Translators: ဦးဖြိုး၊ တီတီအိ-မအူပင်၊ ခေတ်ဘုန်းသစ်

MM-ABP-19-0032
Copyright © 2015 by Room to Read
All rights reserved
Translated by MBAPF under license from Room to Read
Translation Copyright © 2019 by Room to Read

Originally published in India by Room to Read in 2015
First Myanmar Language Edition
ISBN – 978-99971-54-52-1

MBAPF

Myanmar Book Aid and Preservation Foundation (MBAPF) is a non-profit charity organization with the goal of improving quality and access to education and information services through community, public and school libraries in Myanmar (Burma).
Learn more at www.mbapf.org

Room to Read

Room to Read ® provides technical assistance services in children's literacy and girls' education.
Learn more at www.roomtoread.org

Room to Read
465 California Street, Suite 1000
San Francisco, CA 94104
USA

Original Version available from:
Room to Read India Trust,
Office No. 201E (B), 2nd floor, D-21
Corporate Park, Sector – 21, Dwarka,
New Delhi – 110075

ထုတ်ဝေသူ -
ဒေါက်တာသန့်သော်ကောင်း (မှတ်ပုံတင်အမှတ် - ၀၀၂၂၀)
Myanmar Book Centre စာပေတိုက်
အမှတ် (၅၅)၊ အလုံလမ်းနှင့် ဗဟိုလမ်းထောင့်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

Distributed by:
Myanmar Book Centre
အမှတ် (၅၅)၊ အလုံလမ်းနှင့် ဗဟိုလမ်းထောင့်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
Tel: (951) 212 409, 221 271, (959) 731 477 32, 730 159 93
Fax: (951) 221 271
Email: info@myanmarbook.com
www.MyanmarBook.com

ပုံနှိပ်သူ -
ဦးမြင့်သူ (မှတ်ပုံတင်အမှတ် - ၀၁၄၆၇)
Print City Design & Printing
No. 263, Corner of Thein Phyu Street & Maha Bandoola Road,
YMCA Building, Botahtaung Tsp, Myanmar. Tel: 09 965 000 118

# ငှက်ကလေးဆောက်တဲ့ အသိုက်ဆန်း



ဆောင်းဝင်လာတော့မှာမို့
ငှက်ကလေးဟာ အသိုက်တစ်ခု
ဆောက်ရတော့မယ်။




ကောက်ရိုးခြောက်တွေ၊
သစ်သားခြောက်အမှုန်အစလေးတွေကို
ချီလာပြီး သူ့အသိုက်လေးကို
ငှက်ကလေးက သေသေချာချာ စတင်
ဆောက်လုပ်ပါတော့တယ်။



မပျင်းမရိနဲ့ အသိုက်လေးကို
ဂရုတစိုက် ကြိုးစားဆောက်လိုက်တာ
ဆောင်းမရောက်ခင်မှာပဲ အသိုက်ကလေး
ပြီးသွားတယ်။





ငှက်ကလေးလည်း အခုမှပဲ
စိတ်ချမ်းသာသွားတော့တယ်။

သူ့အသိုက်သစ်လေးထဲမှာ ဇိမ်နဲ့ လှဲနေပြီး
ဆောင်းရောက်လာရင် အပြင်မှာ
ဘယ်လောက်အေးအေး အသိုက်လေးထဲ
ဘယ်လိုကွေးနေလိုက်မယ်ဆိုပြီး
စိတ်ကူးယဉ်နေလိုက်သေးရဲ့။

မှေးခနဲ သူ အိပ်ပျော်သွားတုန်းမှာပဲ
တစ်ခုခုက သူ့ကို လှုပ်ခါပစ်လိုက်သလို
ခံစားလိုက်ရတယ်။





"လေတိုက်လို့
အသိုက်လှုပ်သွားတာနဲ့ တူပါရဲ့"

ငှက်ကလေးက အဲဒီလို တွေးလိုက်မိပေမယ့်
အသိုက်ကတော့ ပိုပြီး လှုပ်ခါယိမ်းထိုး
လာတယ်။

အသိုက်ထဲကနေ ငှက်ကလေး
ပျံပြေးရတော့တယ်။ မကြာလိုက်ဘူး။
ငှက်သိုက်လေးလည်း မြေကြီးပေါ်ကို
ဘုတ်ခနဲ ပြုတ်ကျသွားတယ်။





တွေ့ပါပြီ။ ဆင်ကြီးတစ်ကောင်က သူ့ကျောကို သစ်ပင်နဲ့ ပွတ်ပြီး အယား ဖြေနေတာလေ။ ငှက်လေးလည်း တော်တော်စိတ်ဆိုးသွားတယ်။

"ဦးဆင်ကြီး...ရှင်က တော်တော်ရိုင်းတာပဲ" လို့ ဒေါသတကြီးနဲ့ အော်ပြောပြီး ဟိုးအဝေးကြီးကို သူ ပျံသန်းသွားလိုက်တယ်။

နောက်ထပ်တစ်နေရာကို သူ
ရှာရတော့မယ်လေ။ ဒီနေရာကိုတော့
ဆင်ကြီး မလာနိုင်လောက်ပါဘူး။




ငှက်ကလေးဟာ အသိုက်သစ်လေးကို
စပြီး ဆောက်ပါတော့တယ်။



သူနေမယ့် အိမ်လေးကို ဂရုတစိုက်နဲ့
သေချာ ကြိုးစားပြီး ဆောက်လိုက်တာ
အသိုက်လေးလည်း ပြီးရော
ငှက်ကလေးလည်း မောမောနဲ့
အိပ်ပျော်သွားတော့တယ်။



ခဏလေးပဲ မျက်စိမှိတ်ရသေးတယ်။
မျက်လုံးကြီးနှစ်လုံးကို သူ
မြင်လိုက်ရတယ်။ သူ့ကို ပြူးပြီး
စိုက်ကြည့်နေတာလေ။





ဆေးသုတ်သမားကြီးပေ့ါ။ သူက
ငှက်ကလေးရဲ့ အသိုက်ကို ယူပြီး
လွှတ်ပစ်လိုက်တယ်။ ပြီးတော့
ဆေးစုတ်တံကြီး ထုတ်ကာ နံရံကို
ဆေးသုတ်နေတော့တာပဲ။



ငှက်ကလေးဟာ အတော့်ကို
စိတ်ဆိုးသွားတယ်။ "ဒါ သိပ်ရိုင်းတဲ့
လုပ်ရပ်ပဲ။ လူတွေ တော်တော် ရိုင်းတယ်"
လို့ စိတ်ဆိုးမာန်ဆိုးနဲ့ ပြောပြီး အဝေးကို
ပျံထွက်သွားတော့တယ်။

သူ့စိတ်ထဲမှာတော့ တော်တော့်ကို
စိတ်ပူနေပြီ။



သူ ဟိုပျံ ဒီပျံ ပျံနေတုန်းမှာပဲ လေထဲ
မျောပြီး လွင့်လာတဲ့ မိုးပျံပူဖောင်းတစ်လုံးကို
တွေ့လိုက်ရတယ်။

ပြီးတော့ နောက်တစ်လုံး ထပ်တွေ့တယ်။





သူ အောက်ကို ငုံ့ကြည့်လိုက်တဲ့အခါ
အောက်မှာ ပူဖောင်းတွေ အများကြီး
အများကြီးရှိနေတာကို တွေ့လိုက်ရတယ်။

ငှက်ကလေးက ပူဖောင်းတွေကို ကြည့်ပြီး
အကြံရသွားတယ်။





ငှက်ကလေးဟာ အသိုက်သစ်လေးကို
ဂရုတစိုက်နဲ့ ကြိုးစား ဆောက်ပါတယ်။
ဒီတစ်ခါတော့ ဘယ်သူမှ  သူ့ကို
နှောင့်ယှက်နိုင်တော့မှာ မဟုတ်ပါဘူး။


A little bird is trying to find a place to call home. He builds a nest in a tree, but it is not as comfortable as he thought it would be. He decides to build a cozy nest on a house, but there, he gets an unwelcome visitor. Where will the little bird find his new home?

စာရေးသူ -



Kavita Singh သည် Jaipur ရှိ အစိုးရကျောင်းမှ အနုပညာဆရာမတစ်ဦးဖြစ်သည်။ သူမသည် အားလပ်ချိန်များတွင် ကလေးစာပေများ ရေးသားခြင်း၊ အနုပညာများ စုစည်းခြင်းနှင့် ကလေးများအတွက် လက်မှုပညာ အလုပ်ရုံဆွေးနွေးပွဲများ ဖန်တီးရခြင်းကို မွေ့လျော်သူတစ်ယောက်လည်း ဖြစ်သည်။

သရုပ်ဖော် ရေးဆွဲသူ -



Partho Sengupta သည် Kolkata ရှိ အစိုးရ အနုပညာကောလိပ်မှ ဘွဲ့ရရှိခဲ့သည်။ သူသည် ကလေးများအတွက် စာအုပ်ပေါင်း တစ်ရာကျော်ကို သရုပ်ဖော် ရေးဆွဲခဲ့ပြီးဖြစ်သည်။ National Book Trust (NBT) နှင့်လည်း ပူးပေါင်းလုပ်ဆောင်လျက် ရှိသည်။

ငှက်ကလေးတစ်ကောင်ဟာ သူနေဖို့
အသိုက်လေးကို သူကိုယ်တိုင်
ကြိုးစားဆောက်ပါတယ်။ အနှောင့်အယှက်တွေ
များလွန်းလို့ အသိုက်လေးတစ်ခုကို သူ့ခမျာ
နေရာအနှံ့ ပြောင်းဆောက်ရှာတယ်။ နောက်ဆုံး
သူဆောက်လိုက်တဲ့ အသိုက်လေးကတော့
ဆန်းကြယ်လွန်းလှတယ်။

